

THOE SAUNG
သိုးဆောင်း
မုဆိုးမရွာ
မုဆိုးမရွာ

လွတ်မြောက်မှု၊ အရဏ်ဦး၊ ရမ္မက်၊ ဆန္ဒ၊ ဆာလောင်မှု၊ နှိပ်စက်မှုစသော အရာများကို ကျော်ဖြတ် ပြီးသည့်နောက် သူမ ကိုယ်ခန္ဓာသည် ဒဏ်ရာဗရပွဖြင့် သွေးခြင်းခြင်း နီလာတော့သည် ။

လျှောက်လှမ်းနေသော ခြေလှမ်း တစ်လှမ်းချင်းစီသည် အသည်းခိုက်အောင် နာကျင်လွန်း လှ၏။ သို့သော် မညည်းတွားမိ။ အံကို တင်းတင်းကြိတ်ရင်း အသက်ရှူ ရပ်မသွားရန်သာ ကြိုးစားနေမိသည် ။

ဒီလိုအခွင့်အရေးမျိုး နောက်တစ်ကြိမ် ရဖို့ မလွယ်၊ နောက်ထပ် သုညကမ္ဘာများကို သူမ ဆက်မစောင့်နိုင်၊ နောက်တစ်ကြိမ် ဂဏန်းစုံမည့် အရေးကိုလည်း မျှော်ကိုးပြီးမနေနိုင်၊ ဒီအချိန် ဒီနေရာကို ရောက်လာဖို့ အတွက် ညပေါင်းများ စွာ သူမ ပေးဆပ်ထားခဲ့ရသည် လေ။

ညကောင်းကင်သည် ကြယ်ရောင်တို့ ဖြိုးပြက်ဆဲပင် ရှိသေး၏။

သို့သော် မိုးကုပ်စက်ဝိုင်း၏ အနားသတ်စွန်းမှာ တော့ အပြာရောင်သန်းလာချေပြီ။ မကြာခင် အရဏ်တက်တော့မည်။ အရဏ်မတက်ခင် ဤတောင်ကုန်းလေးပေါ် အရောက်တက်နိုင်ဖို့ လိုပါ၏။

ဒါမှ သာ ...

ပြတ်ရှဒဏ်ရာများ ၊ သွေးပုပ်များ ၊ အခုအထစ် ခံထားရမှုများကြောင့် ခြေထောက်သည် တဆတ်ဆတ် တုန်နေသည် ။ တချို့ ခြေချောင်းလေးများမှာ မရှိတော့၊ ဘယ်နားတွင် ဘယ်လို ပြတ်ကျန်ခဲ့သည် မသိ

။ မျက်နှာ၊ ပခုံး၊ လက်မောင်း၊ ကျောပြင်တို့ မှာ လည်း သွေးတွေ မြင်မကောင်း၊ ဒဏ်ရာများက ဟိုဘက်ဒီဘက် ဆွဲဖြဲထားသလို အသားမှာ ၊ ဟက်တက်ကွဲနေသည် ။

ခန္ဓာကိုယ်မှ လက်ကျန်အင်အားများကို စုစည်းကာ တောင်ကုန်းလေးပေါ် တွားတက်လိုက်သည် ။ ခြေလှမ်း တစ်လှမ်းသည် ကား ကမ္ဘာတစ်ခု မကအောင်ပင် ကြာလွန်းလှသည် ဟု စိတ်မှာ ထင်မိသည် ။ သို့သော် နောက်ဆုံးမှာ တော့ တောင်ကုန်းလေးထက်ဆီ ခြေချမိလိုက်ပါပြီ။

ဘယ်မှာ လဲ ... .

ဘယ်အရပ်လဲ ...

ဘာဆက်လုပ်ရမှာ လဲ ...

ဒူးထောက်ထိုင်ချရင်း အမောတကော ရှာဖွေတော့ အရှေ့ဘက် အရပ်ဆီမှ မီးရောင်လေး လိုလိုကို လှမ်းမြင်လိုက်ရ၏။ ပြီးတော့ ချက်ချင်းပဲ ပျောက်သွားသည် ။

ဟော ...

မိုးကုပ်စက်ဝိုင်းဆီမှာ အပြာလျော့ပြီး အဖြူတို့ သန်းလာကြပြီ။

"ကယ်ပါ ... ကျွန်မကို အမြန်ကယ်ကြပါ"

သွေးရူးသွေးတန်း အော်ရင်း မီးအလင်းရောင်ကို နောက်တစ်ကြိမ် ပြန်ရှာတော့ ...

အရှေ့ဘက် အရပ်ဆီမှာ ပင် ခပ်မှိန်မှိန်လေး ပြန်လင်းလာပြန်ပါ၏ ။ မျက်စိကို စုံမှိတ်ရင်း များကို ဖွင့်ထားလိုက်သည် ။

လာပါ ... အမြန်လာပါ၊ အမြန်လာကြပါဟော ... လေတွေတိုက်လာကြပြီ။

* * *

၂

"ကလင် ... ကလင် ... ကလင် ... ကလင် ... "

လျှပ်စစ်ခေါင်းလောင်းသံက အသံရှည်ဆွဲကာ မြည်သွားသည် ။ သီရေတာတွင် ရှိနေကြသော ကျောင်းသား/သူများမှာ မျက်မှောင်ကြုတ်သူက ကြုတ်၊ နှာခေါင်းရှုံ့ သူကရှုံ့၊ ခေါင်းကုတ်သူက ကုတ်နှင့် လှုပ်ရှားတုံ့ပြန်ကုန်ကြ၏။ တချို့လည်း ခေါင်းလောင်းခလုတ်ကို မလွှတ်တမ်းဖိထားသော ဆရာဦးသိန်းဝင်းကို ကြည့်ပြီး နားမလည်နိုင် ဖြစ်နေသည် ။

ဆရာဦးသိန်းဝင်းမှာ တပည့်များ ၏ အသီးသီးသော မညီမညာ ဖြစ်မှုများကို ကျေနပ်လောက်အောင် ကြည့်ပြီးကာမှ ဖိထားသော ခေါင်းလောင်းခလုတ်ကို လွှတ်လိုက်၏။ ထိုအခါ အော်မြည်နေသော လျှပ်စစ်ပေါင်းကူးသံမှာ တိခနဲ ရပ်သွားသော်လည်း သီရေတာထဲတွင် တော့ သူ၏ တွန်းကန်ခဲ့မှုတွေက တလူလူလွင့်ကာ ကျန်ခဲ့သည် ။

တိတ်ဆိတ်ပြီးပြီးချင်း နောက်ဆုံးတန်း ထောင့်စွန်းတွင် ထိုင်နေသော ကျောင်းသားတစ်ဦးမှာ စာအုပ်များကို လွယ်အိတ်တွင်းပစ်ထည့်

ပြီး ထရပ်လာသည် ။

"ဟော့ကောင် ... ဘာလုပ်တာလဲ"

"ကျောင်းဆင်းပြီလေ"

"ဟာ ... ဟော့ကောင်"

ထရပ်သူ၏ အဖြေကြောင့် မေးမိသူ ကျောင်းသားမှာ အတန်းရှေ့ လှမ်းကြည့်ပြီး မျက်နှာပျက်သွားသည် ။ ထိုစဉ်မှာ ပဲ ...

"ဘာ အဆင်မပြေလို့ လဲ သား ... "

ဆရာဦးသိန်းဝင်း အမေးကြောင့် ကိုယ့်အာရုံနှင့်ကိုယ် ရှိနေကြသူ အားလုံးမှာ နောက်သို့ လှည့်ကြည့်လာပါ၏။

"အတန်းဆင်းပြီ ထင်လို့ ပါ"

သူ၏ ဟန်ပန်နှင့် ကြားရသောစကားတို့ ကြောင့် 'ခွီး'ခနဲ ရယ်သံတွေ ထွက်ပေါ်လာသည် ။ စိတ်ဆိုးရမည့်အစား သဘောတကျ ရယ်ပြုံးရင်း လက်မှ နာရီကို ပင့်ကြည့်ကာ ... .

"ဆရာဝင်တာ ဆယ်မိနစ်ပဲ ရှိပါသေးတယ်ကွာ ... မင်းကလည်း "

"အဟီး... မသိဘူးလေ၊ ဘဲလ်တီးသံကြားတော့ ကျွန်တော်က အတန်းဆင်းတာမှတ်လို့ ... "

မျက်နှာပိုးမသေစွာ ပြန်ထိုင်လိုက်သော နှစ်ခုံကျော်မှ ကျောင်းသား ကိုကြည့်ပြီး ပိုင်သူ ပြုံးမိလိုက်သည် ။ ဒါသည် တက္ကသိုလ်၏ အလှတစ်ခုသာ ဖြစ်၏။

မျက်နှာပြောင်သော တပည့်နှင့် သဘောထားကြီးသော ဆရာ ... ။

ပျော်ပျော်နေတတ်သော ဆရာနှင့် ရှိသေသော တပည့်တို့ သည်

ခေတ်တိုင်း ခေတ်တိုင်းတွင် သူ့ အလေ့အထနှင့်သူ သစ်လွင်နေမည်သာ ဖြစ်သည် ။

တစ်ယောက်တစ်ပေါက် ဖြစ်တည်နေသော အသံတို့ ကို တိတ်ဆိတ်စေသောငှာ ဆရာက လက်ပြကာတားရင်း ... ....

"အဲလိုဆို မင်းတို့ အားလုံး ဆရာတီးလိုက်တဲ့ ဘဲလ်သံကို ကြားလိုက်တယ်ဆိုတဲ့ သဘောပေါ့ ... "

"ကြားပါတယ်...."

"ဘာလို့ ကြားရတယ်လို့ ထင်လဲ ... "

ချက်ချင်းပင် ရှေ့ဆုံးတန်းမှ အသံသြသြကြီးတစ်ခု ထွက်ပေါ်လာသည် ။

"ကျွန်တော်တို့ မှာ နားပါလို့ ပါဆရာ ... "

'ခွီး'ခနဲ ထရယ်ကုန်ပြန်သည် ။ နောက်တစ်ဦးက ...

"အသံကျယ်လို့ ပါ ... "

ထိုအဆိုကို ကပ်လျက်တစ်ဦးက ဝင်ထောက်ခံသည် ။

"ဟုတ်ပါတယ်ဆရာ... အသံကျယ်လို့ ပါ၊ ဘဲလ်သံတိုးရင် ကျွန်တော်တို့ မကြားရနိုင်ပါဘူး"

"မဟုတ်ပါဘူး ... ၊ ဆရာတီးလို့ ကြားရတာပါ၊ ဆရာမတီးရင် မကြားရပါဘူး"

ထိုစဉ်မှာ ပဲ အရှေ့ဘက်ခြမ်းဆီမှ ကျောင်းသူလေးတစ်ဦး၏ တင်ပြသံက အားလုံးကို ကျော်လွှန်ကာ စူးခနဲ ထွက်လာသည် ။

"သမီးကတော့ အသံထွက်ပေါ်ရာနေရာနဲ့ သမီးတို့ ရှိတဲ့ နေရာ နီး

နေလို့ လို့ ထင်ပါတယ်၊ အကယ်၍ သာ သမီးတို့ က ဒီအခန်းထဲမှာ မဟုတ်ဘဲ ကျောင်းပြင်ကန်တင်းမှာ ဒါမှ မဟုတ် အခြားတစ်နေရာရာမှာ ထိုင်နေရင် ဆရာတီးတဲ့ ဘဲလ်သံကို ကြားရမယ် မထင်ပါဘူး"

ဆရာက သဘောတကျ ခေါင်းကိုညိတ်ရင်း ပခုံး တွန့်ကာပြ၏။

ထိုအခိုက်မှာ ပဲ... ...၊

"တုန်ခါမှုကြောင့်ပါ ... "

ကာလတစ်ခုကြာအောင် တစ်ခန်းလုံး ငြိမ်သွားမိလေသည် ။ အသံထွက်ပေါ်လာရာက ပိုင်သူရှိနေရာ၏ ရှေ့တည့်တည့်အရပ်ဆီမှ ...

နာမည်က လရိပ်၊ ချစ်စဖွယ်ကောင်းသော အမူအရာနှင့် သွက်လက်ဖျတ်လတ်စွာ အစဉ်ရှိနေသူ၊ ရောင်စုံတန်ဖိုးကြီး လိပ်ပြာလေးတွေ တလူလူ လွင့်ဝဲနေတတ်သော တက္ကသိုလ်မြေ၌ မထင်မရှားဘဝနှင့် ပွင့်လင်းလွတ်လပ်စွာ ရှင်သန်နေသူ၊ မိမိကိုယ်ကို အစဉ်စောင့်ရှောက်သူ ၊ ထပ်မံ၍ အထူးပြုရသော် သူမသည် ပိုင်သူ၏ နှလုံးသားကို အထိအရှမရှိအောင် နှစ်ချို့ဝိုင်ဆန်ဆန် စိုးမိုးထားသူ ...

"နောက်တစ်ခေါက်ထပ်ပြောပါဦး သမီး ... "

"တုန်ခါမှုကြောင့်ပါ ... "

ကျေနပ်ဖွယ်မျက်နှာနှင့် ခေါင်းကို ညိတ်ရင်း ဆရာက လက်မထောင်ပြသည် ။

"ဟုတ်တယ် ... မင်းတို့ ငါတို့ အသံကြားရတယ်ဆိုတာ တုန်ခါမှုကြောင့်ပဲ"

ဆရာက တစ်ခန်းလုံးကိုဝေ့ကြည့်ကာ ...

"အသံဆိုတာ အရာဝတ္ထုတွေ လျင်မြန်စွာ တုန်ခါခြင်းကနေ ထွက်ပေါ်လာတယ်၊ တစ်ခုတော့ရှိတာပေါ့ကွာ ... အသံကို ဖြစ်ပေါ်စေတဲ့ အရာ ဝတ္ထုတွေရဲ့ တုန်ခါခြင်းဆိုတာ အလွန်လျင်မြန်တဲ့ အတွက် ငါတို့ မင်းတို့ တွေရဲ့ မျက်စိနဲ့ တော့ သူတို့ ရဲ့ လှုပ်ရှားမှုတွေကို ထင်ထင်ရှားရှား မြင်ရမှာ မဟုတ်ဘူး ... ဒါပေမဲ့ သိသာမှုတွေလည်း ရှိပါတယ်၊ ဥပမာ... ဗုံးတစ်လုံးကို တီးကြည့်မယ် ဆိုပါစို့၊ အသံကြားရပြီးနောက်မှာ ဗုံးရဲ့ မျက်နှာပြင်ကို လက်နဲ့ အသာထိကြည့်လိုက် ... တုန်ခါမှုကို မင်းတို့ရဲ့ လက်မှာ ခံစားရလိမ့်မယ်၊ ဒါမှ မဟုတ် ဂီတာတစ်လက်ကိုယူပြီး လက်နဲ့ ခတ်ကြည့်လိုက် ... အသံထွက်ပေါ် လာတဲ့ ကြိုးလေးတွေဟာ တုန်ခါနေတာ တွေ့ရလိမ့်မယ်...."

တစ်ယောက်က မေးလာပြန်တယ်။

"တုန်ခါရုံသက်သက်နဲ့ ပဲ အသံက ကြားရတာလား ဆရာ ...၊ ဥပမာ ဆရာ့နေရာက တီးလိုက်တဲ့ ဗုံသံက ကျွန်တော်တို့ ရှိနေရာဆီကို ဘယ်လို ရောက်လာတာလဲ ... "

"တုန်ခါခြင်းတွေကနေပဲ ရောက်လာတာပါ ... ၊ အရာဝတ္ထုတွေ တုန်ခါတဲ့ အခါ ... သူတို့ အနီးအနားမှာ ရှိနေတဲ့ လေမော်လီကျူး(ဝ်) အမှုန်လေးတွေဟာ တုန်ခါလာတယ်၊ အဲဒီ မော်လီကျူးလေးတွေက တစ်ဆင့် သူတို့ အနီးအနားမှာ ရှိတဲ့ အခြား မော်လီကျူးလေးတွေဟာ ထပ်တုန်လာပြန်တယ်၊ အဲလိုပဲ ဆင့်ကဲဆင့်ကဲ ကူးစက်ပြီး နောက်ဆုံး နားရဲ့ အနီးအနားမှာ ရှိနေတဲ့ လေမော်လီကျူးလေးတွေက တစ်ဆင့် နားအတွင်းမှာ ရှိနေတဲ့ အလွန်ပါးလွှာတဲ့ အမြှေးပါး( ear drum )ဟာ တုန်လာတော့တယ် ... အမြှေးပါးလေးရဲ့ တုန်ခါမှုကို အာရုံကြောကနေ

ဦးနှောက်ကို ပို့ပေးတယ်၊ ဆိုတော့... ဦးနှောက်က ဘယ်လိုအသံဆိုတာ ခွဲခြားလို့ ရသွားတယ်ပေါ့ ... "

ကျောင်းပျော်များ သည် ၎င်း ...၊ စိတ်ဝင်စားသူများ သည် ၎င်း ... ၊ စိတ်မဝင်စားသူများ သည် ၎င်း... ဆရာဦးသိန်းဝင်း၏ ရှင်းလင်းပြမှုတွေမှာ ငြိမ်သက်မိသွားကြသည် ။

"တစ်ခုတော့ရှိတယ် ... ၊ တို့ တွေကြားနိုင်ဖို့ အတွက် အရာဝတ္ထုတွေရဲ့ တုန်ခါမှုဟာ လုံလောက်တဲ့ တုန်ခါမှု ဖြစ်ဖို့ လိုတယ် ... တစ်စက္ကန့်မှာ တုန်ခါတဲ့ အကြိမ်ပေါင်းကို တုန်နှုန်း( frequency) လို့ ငါတို့ ဘာသာရပ်မှာ သတ်မှတ်ထားတယ် ... ၊ ဥပမာ တစ်စက္ကန့်မှာ အရာဝတ္ထု တစ်ခုဟာ အကြိမ် ပေါင်း 60 တုန်ခါရင် ... သူ့ရဲ့ တုန်နှုန်းကို 60 vibration /sec (60 vib/sec ) လို့ သတ်မှတ်တယ် ... "

ဆရာက ပြောလည်း ပြော၊ White board မှာ လည်း ရေးပြသည် ။

"ငါတို့ သာမန်လူသားတွေ ကြားနိုင်ဖို့ အရာဝတ္ထုတစ်ခုဟာတစ်စက္ကန့်မှာ အကြိမ်ပေါင်း 30 အနည်းဆုံး တုန်ခါရမယ်၊ တုန်နှုန်းဟာ ( 30 vib /sec ) ထက်နည်းသွားရင် အဲဒီအသံကို တို့ တွေ မကြားရနိုင်တော့ဘူး ... အကယ်၍ တုန်နှုန်းဟာ (24000 vib/sec) ထက် များ သွားရင်လည်း အဲဒီအသံကို မကြားရနိုင်ဘူး ... အဲဒါကြောင့် အသံတစ်ခုကို ကောင်းစွာကြားရနိုင်ဖို့ ... အသံကို ဖြစ်ပေါ်စေတဲ့ အရာဝတ္ထုရဲ့ တုန်နှုန်းသည် ( 30 မှ 24000 vib/sec ) အတွင်းရှိရမယ် ... ဒါပေမဲ့ ဒါက ပျမ်းမျှခြင်း သဘောပါ၊ တုန်နှုန်းရဲ့ အကန့်အသတ်ဟာ လူတစ်ဦးနဲ့ တစ်ဦးတော့ မတူကြပါဘူး ... "

"အသံတစ်သံကို ကောင်းမွန်စွာကြားရဖို့ အဲဒီအကန့်အသတ်အပြင် အခြား အကန့်အသတ် တွေရော ရှိနိုင်သေးလာဆရာ ... "

လရိပ်၏ အမေးကို ဆရာက ခေါင်းညိတ်ရင်း သွက်လက်စွာ အဖြေပေးသည် ။

"ရှိတာပေါ့ ... ၊ ခုန ဒီရှေ့ကသမီးလေး ပြောသွားတဲ့ အသံကို ဖြစ်ပေါ်စေတဲ့ အရာဝတ္ထုနဲ့ အသံကို နားထောင်သူတို့ ရဲ့ အကွာအဝေး၊ အကွာအဝေးနီးရင် အသံကို ကျယ်ကျယ်ကြားရမယ် ... ဝေးရင်တော့ တိုးတိုးပဲ ကြားရမယ်၊ မဟုတ်ရင်လည်း ကြားချင်မှ ကြားရလိမ့်မယ်၊ အသံအတိုး အကျယ်ဆိုတာ အသံကိုဖြစ်ပေါ်စေတဲ့ အရာဝတ္ထုနဲ့ နားထောင်သူတို့ ရဲ့ ဧရိယာပေါ်မှာ လည်း မူတည်နေတာကိုး ... ၊ နောက်တစ်ခုက အသံဖြတ်သွားတဲ့ ကြားခံနယ်ရဲ့ သိပ်သည်းခြင်းနဲ့လည်း ဆိုင်တယ်၊ သိပ်သည်းခြင်းများ ရင် အသံကျယ်ပြီး သိပ်သည်းခြင်းနည်းရင်တော့ တိုးသွားလေ့ ရှိတယ်၊ ဒါတွေကတော့ သီအိုရီအရပေါ့ ... "

ပိုင်သူမှာ စိတ်ဝင်တစား နားထောင်နေသော လရိပ်၏ မျက်နှာလေးကို ကြည်နူးစွာ ငေးနေမိသည် ။ အပြစ်ကင်းခြင်းသည် ဘာအလိုရမ္မက်မှ မပါသည့် အာရုံစူးစိုက်ခြင်းတွင် တည်မှီကြောင်း သူမ မျက်နှာလေးက ဖော်ပြနေသည် လေ။

"နောက်ဆုံးတစ်ခုကတော့ သဘာဝတရားကြီး ပေါ်မှာ လည်း မူတည်တယ်၊ ဘာကြောင့်လဲ ဆိုတော့ အသံသွားရာဘက်ကို လေတိုက်ရင် အသံကျယ် လာလေ့ရှိပြီး... ဆန့်ကျင်ဘက်အရပ်ကို တိုက်ရင်တော့ အသံက တိုးသွားတတ်လို့ ... "

သီရေတာသည် ဆရာ့နှုတ်မှ ထွက်ပေါ်လာသည့် အသံလှိုင်းများကို သေသပ်စွာ ကာရံထား၏။

ပဲ့တင်သံသည် နံရံတို့ ထက် နှလုံးသားမှာ စွဲထင်ကျန်ရစ်သော အသံ

အမျိုးအစား တစ်ခုသာဖြစ်သည် ။

* * *

## ။

"စလယ်အင်း" ဟူသော ရိုးမစပ်ရွာလေးသည် ယခုလို တန်ခူးလနွေ အခါတွင် တောရိပ် တောင်ရိပ် များ ဖြင့် မှိုင်းပျအုပ်ဆိုင်း နေတတ်လေ့ ရှိ၏။

ယခင်က ဤရွာလေးမှာ လူငယ်လူရွယ်များ ၊ ရှေ့မီနောက်မီ သက်ကြီးရွယ်အိုများ ၊ ကလေးသူငယ်များ ဖြင့် စည်ကားသိုက်ဝန်းသော ကာလတစ်ခု ရှိခဲ့ဖူးသည် ။

ယခုတော့ မည်မည်ရရ လုပ်ကိုင်နိုင်ခြင်း မရှိတော့သည့် တတိယ အရွယ် လူကြီးများ ၊ အမျိုးသမီးများ ၊ ကလေးငယ်များ ဖြင့်သာ ရွာသည် ခြောက်ကပ်တိတ်ဆိတ်လျက် ရှိတော့သည် ။ အလုပ်လုပ်နိုင်သည့် လူငယ် များမှာ ရေကြည်ရာမြက်နုရာဆိုသလို အခွင့်အလမ်းသာသော အခြား မြို့ရွာများ သို့ သွားရောက် အလုပ်လုပ်ကိုင်နေကြပြီ ဖြစ်၏ ။

ရွာလေး၏ မြင့်မြတ်သောအရပ်တွင် ရွှေရောင်အစဉ်ဝင်းလျက် ရှိသော ရွာဦးစေတီလေးနှင့် တောင်ကမ်းပါးယံကို အမှီပြု ဆောက်လုပ်ခြေတံရှည် ဘုန်းကြီးကျောင်းလေး တစ်ကျောင်း ရှိနေပါသည် ။

ရဟန်းအလုပ် မပြီးပြတ်သေးသည် ကြောင့်လား၊ အတိတ်ဘဝ ဘုန်းကံကြောင့်လား၊ သတ္တဝါများ အပေါ် မေတ္တာကြီးလွန်းသောကြောင့် လား မသိ၊ ဟိုအရင် စည်ပင်စဉ်ကတည်းက သီတင်းသုံးခဲ့သော ဆရာတော်

ဘုရားမှာ ယခုချိန်ထိတိုင် သက်တော်ရှည်ဘဝဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်နေဆဲပင် ဖြစ်သည် ။ ထိုအတွက်ကြောင့်လားမသိ အရာ အားလုံး ပြောင်းလဲသွား သော်လည်း ရွာသူ/ သားတို့ ၏ စေတနာ၊ သဒ္ဓါ အားက မပြောင်းလဲ၊ အထွတ်အမြတ် ထားရာနှင့် လျော်ညီစွာ ကျောင်း သင်္ခမ်းသည် ပြည့်စုံလွန်းနေသည် ။

ဆရာတော်ဘုရားအပြင် ဦးပဉ္စင်းတစ်ပါး၊ အခြားကိုရင်သုံးပါးကျော င်းတွင် နေထိုင်သည် ။ ဝေယျာဝစ္စအတွက် ကျောင်းသားနှစ်ဦးလည်း ရှိ သည် ။

မကြာခင် နေမွန်းတည့်တော့မည် ဖြစ်၏။

ဆရာတော်ဘုရားသည် ဆွမ်းဘုန်းပေးခြင်းကို လက်စသတ်လိုက် ပြီးနောက် ထွေးခံတွင်းသို့ လက်ကိုထည့်ကာ ဆေးကြောသည် ။ ကိုရင် သုံးပါးနှင့် ကျောင်းသား နှစ်ဦးမှာ တော့ ဆွမ်းကျန် ဟင်းကျန် များ ကိုငင်း၊ ပန်းကန်ခွက်ယောက်များကိုငင်း သင့်သလိုခွဲကာ သိမ်းဆည်း နေကြ၏။

"ဟဲ့ ... ဇဋိလ"

"ဘုရား....."

"ဆွမ်းကျန်ဟင်းကျန်တွေကို ကြုံရာမပစ်နဲ့ နော်၊ ကျောင်းထောင့်မှာ ပဲ ... ကြားလား"

"မှန်ပါ့ဘုရား"

ကိုရင် ဇဋိလမှာ ဆရာတော်ဘုရား၏ မိန့်မှာ စကားအတိုင်း ဆွမ်းဟ င်း အကျန်များကို ပန်းကန်တစ်ခုနှင့်ထည့်ပြီး ကျောင်းအောက် ဆင်း သွားပါ၏။ ဆရာတော်ဘုရားသည် စည်းကမ်း ကြီးသည် ။ ဆွမ်းဟင်း

များ ကြုံရာပစ်သည် ကို မကြိုက်၊ ကျောင်းတွင် မှီကပ်နေသည့် ခွေး ကြောင်စသော သတ္တဝါ များကိုလည်း စနစ်တကျသာ ကျွေးမွေးစေပါသ ည် ။

ဆွမ်းကိစ္စ ပြီးသည့်နောက် ဆရာတော်ဘုရားသည် ပြတင်းတံခါး အ နီးသို့ တရွေ့ရွေ့ တိုးသွားရင်း ကျွန်းကုလားထိုင်အိုကြီးတွင် ထိုင်ချလိုက် ၏။ ဤပြတင်းတံခါးမှ ကြည့်လျှင် အတော်အတန် မြင့်သော တောင်ပူ စာလေးတစ်ခု၊ ရေတွင်းပျက်လေး တစ်လုံးနှင့် ရွာသို့ အဆင်းလမ်းလေး ကို ပြတ်သားစွာ မြင်ရနိုင်သည် ။ ထိုမှ လွန်သော် တစ်ဆင့်ထက် တစ်ဆင့် မှိုင်းညို့ဝေဝါးသွားသည့် တောင်တန်းအထပ်ထပ်ကိုင်း၊ ထို အပေါ်မှ ပြာလွင်သော မိုးကောင်းကင်ကိုင်း ပြတ်သားစွာ တွေ့ရနိုင်၏ ။

တကယ်တော့ ဤပြတင်းတံခါးလေးကို ဆရာတော်ဘုရားမှာ အလွ န်တရာမှ နှစ်သက်လှသည် ။ ပြတင်းတံခါးလေး၏ အပြင်ဘက် အရပ် ကိုကြည့်ပြီး သတ္တဝါအပေါင်း ကျန်းမာစေကြောင်း မေတ္တာပို့နိုင်၏။ က မ္ဘာသူ ကမ္ဘာသားတို့ အား မိမိပြုခဲ့ဖူးသော ကောင်းမှုကုသိုလ် များကို ထ ပ်တူထပ်မျှ ရစေကြောင်း ဝေမျှပေးနိုင်၏။ အန္တရာယ် ကင်းစေကြောင်း ဆုတောင်းပေး နိုင်၏။ အရာအားလုံးသည် သူ၏ ရင်တွင်းမှ ကြီးစွာ သော မေတ္တာပေါ်တွင် အခြေတည်ထားပါသည် ။ မေတ္တာသည် ကြည်လ င်သော စမ်းရေနှင့် သဏ္ဍာန်တူပါ၏။ ဤမျှကြည်လင်နေခြင်းသည် သက်တော်ရှည် နေထိုင်ရခြင်း၏ အကြောင်းရင်း တစ်ခုလည်း ဖြစ်၏။

ထိုစဉ်မှာ ပဲ လျှူဖွယ်ပစ္စည်းများကို ဆွဲ၍ ကျောင်းပေါ်သို့ လူတစ်ဦး တက်လာပါ၏။ ထိုသူသည် ကြည်ညိုဖွယ်အတိပြီးနေသော ဘုရား ရုပ်ပွားတော်အား ဦးသုံးကြိမ်ချကာ အရင်ဆုံးကန်တော့သည် ။

ထို့နောက် ဆရာတော်ဘုရားအနီးသို့ တိုးကပ်ကာ ဝတ်ပြုတော့ ... .

"ဘယ်သူတုံးဟဲ့ ... "

"တပည့်တော် သိန်းဝင်းပါ ဘုရား ...

"သိန်းဝင်း ... ရွာလယ်ပိုင်းက ဆေးဆရာ အောင်သိန်းရဲ့ သား သိန်းဝင်းလား"

"မှန်ပါ့ဘုရား ...၊ ဦးအောင်သိန်းရဲ့ သား သိန်းဝင်းပါ၊ အရှင်ဘုရား ကျန်းမာပါရဲ့ လား ဘုရား ... "

ဆရာတော်ဘုရားက ပါးရေတို့ တွဲအိကျနေသော မျက်နှာတော်ကိုအနည်းငယ် ပြုံးယောင်ပြုရင်း ...

"အိမ်း ... ကျန်းမာတယ်လည်း မဟုတ်၊ မကျန်းမာဘူးလည်း မဟုတ်ပါဘူးကွယ်၊ နေနိုင် စားနိုင် ကျိန်းစက်နိုင် တရားမှတ်နိုင်သေးတယ် ပဲ ဆိုရမှာ ပေါ့၊ ဒကာ ... ရွာပြန်ရောက်တာ ကြာပြီလား ... "

"မနေ့ကမှ ရောက်တာပါ ဘုရား ... သင်္ကြန်တွင်းဆိုတော့ ကျောင်းလည်း ပိတ် ရုံးလည်း ပိတ်တာနဲ့ ရွာမရောက်တာကြာလို့ ပြန်လာတာပါ "

"ကျောင်းဆရာ လုပ်တုန်းပဲလားကွဲ...."

"မှန်ပါ့ဘုရား၊ လက်ထောက်ကထိကတာဝန်နဲ့ ရန်ကုန်တက္ကသိုလ်မှာ တပည့်တော် တာဝန် ထမ်းဆောင်နေပါတယ်"

"အေးကွယ် ... ဘယ်မှာ နေနေ နေတတ်ဖို့ ကသာ အရေးကြီးတာပါပဲ။

ရန်ကုန်မှာ နေမှ ရယ် ... ရွာမှာ နေမှ ရယ်လို့ မဟုတ်ပါဘူး၊ စိတ်

ထားတတ်ဖို့ နေတတ်ဖို့ သေတတ်ဖို့ ကသာ အရေးကြီးတာပါ၊ တို့ ရွာက ကလေးတွေလည်း မြို့တက်ပြီး အလုပ်လုပ်နေကြတာပဲ၊ သူတို့ ပြန်လာတိုင်း ဘုန်းကြီးတော့ ဒီအတိုင်းပဲ ဆုံးမတယ်"

"မှန်လှပါ ဘုရား ... "

"ဘုန်းကြီးတော့ အသက်ပဲကြီးလာလို့ လား မသိပါဘူး၊ အခုခေတ် ကလေးတွေကို သိပ်အားမရချင်ဘူး၊ ဒကာတို့ ငယ်တုန်းအခါက စည်ပင်ခဲ့တဲ့ တို့ ရွာကြီးကို သိပ်လွမ်းတယ် ... "

"တပည့်တော်လည်း အတူတူပါပဲဘုရား ... ၊ အခုတော့ ရွာက တော်တော်ကို ခြောက်ကပ်နေခဲ့ပြီ"

"အင်း ... တကယ်တော့လည်း ကလေးတွေ အပြစ်ချည်းပဲ မဟုတ်ပါဘူး၊ အပင်ကြီးတွေ ကိုယ်၌ ကိုယ်က အပင်ငယ်လေးတွေအပေါ် မျိုးစေ့ ချမပေးနိုင် နေရောင်မပေးနိုင်တဲ့ အပြင် ကိုယ့်ဘာသာ ရှင်သန်နိုင်အောင်ပါ လမ်းပြမပေးနိုင်တော့ ... အပင်ငယ်လေးတွေ ရှင်သန်မလာနိုင်တာလဲ အဆန်း တော့ မဟုတ်ပါဘူး၊ တိုးတက်ဖို့ ဆိုတာက လူကြီးကလည်း တာဝန်ကျေ လူငယ်လည်း တာဝန်ကျေမှ ... မဟုတ်ပေဘူးလား"

ဆရာဦးသိန်းဝင်းမှာ သက်ပြင်းကို ချမိလိုက်သည် ။ ဆရာတော် ဘုရားသည် မိမိရပ်ရွာအပေါ် သံယောဇဉ်ကြီးလွန်းပါတကား။

"မှန်လှပါဘုရား.... ... အဲဒါကြောင့် တပည့်တော်လည်း ရောက်လေရာ အရပ်မှာ တာဝန် ကျေအောင်တော့ နေပါတယ်၊ တပည့်တော် သင်ကြားပေးနေတဲ့ ကျောင်းသား တပည့်တွေကိုလည်း ... ဘယ်သူ့အပေါ်မှ တာဝန်မကျေ နိုင်သေးရင်နေ ကိုယ်ကိုယ်ကိုယ် အရင်ဆုံး တာဝန်ကျေအောင် နေကြဖို့ အမြဲ ဆုံးမပါတယ်ဘုရား ... "

ဆရာတော်က ပြုံးသည် ။

"ဘုန်းကြီးတို့ ရွာကနေ ဒကာ့လိုလူမျိုးတွေ ထွန်းကားသွားတာတော့ တကယ်ကို ဂုဏ်ယူစရာပါကွယ် ... နောက်မျိုးဆက်သစ်တွေ ထွက်ပေါ်လာဖို့ အတွက်လည်း လက်ဆင့်ကမ်း ပေးပါဦး ... "

"မှန်လှပါ ဘုရား၊ တပည့်တော်လည်း ဒီရွာအတွက် ရည်ရွယ်ထားတာတွေ ရှိပါတယ်"

ထိုစဉ်မှာ ပဲ ဆရာဦးသိန်းဝင်း အိတ်ကပ်ထဲမှ လက်ကိုင်ဖုန်းမှာ မြည်လာပါ၏။ ထုတ်ကိုင်လိုက်သော်လည်း လိုင်းမမိသည် ထင်သည် ပြတ်တောင်း ပြတ်တောင်းဖြစ်ကာ ကျသွားသည် ။ ဒီလိုနှင့် ဖုန်းလေးကို အိတ်တွင်းသို့ ပြန်ထည့်ရင်း လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ကပ်လှူသည် ။

"ဒါနဲ့ ကျောင်းမှာ ဆရာတော်အပြင် အခြားဦးပဥ္စင်းငယ်တစ်ပါး လည်း သီတင်းသုံးတယ် ကြားပါတယ်ဘုရား၊ အခု မတွေ့မိပါလား ... "

"စန္ဒိမာလာ ... ၊ ခုချိန်ဆို စေတီပေါ်မှာ စာဝါကျက်နေလောက်ပြီ ထင်ပါတယ်၊ ဘုန်းကြီးလည်း သက်တော်ရပြီဆိုတော့ သာသနာ့မျိုးစေ့ ချထားရပြီလေ၊ တော်ပါတယ် ... တစ်ချိန်မှာ လင်းလက်လာမယ့် သာသနာ့အာဇာနည်လေးပါ ... "

"ကလင် ... ကလင် ... ကလင် ... "

ဖုန်းမှာ မြည်လာပြန်သည် ။

"ဟယ်လို ... ဟယ်လို ... "

လိုင်းမှာ မမိ ... ။ ချက်ချင်းပင် ပြန်ကျသွားသည် ။

"ဒီက လိုင်းဆွဲအား နည်းတယ်ဒကာ၊ မြို့ကပြန်လာတဲ့ ကလေးတွေတော့ ဟိုတောင်ကမူလေးပေါ် တက်ပြောကြတာပဲ"

ပြတင်းတံခါးမှ လှမ်းမြင်ရသော တောင်ကုန်းလေးအား ဆရာတော်ညွှန်ပြသည်။

"ကျောင်းကဆက်တာဘုရား ...၊ အရေးကြီးတာလား မသိဘူး ... ၊ အဲလိုဆို တပည့်တော် အဲဒီတောင်ကုန်းလေးပေါ် သွားပြောလိုက်ပါဦးမယ်ဘုရား ... "

"ကောင်းပါပြီကွယ် ... "

ဦးသိန်းဝင်းမှာ ဆရာတော်ဘုရားအား ဦးချကန်တော့ရင်း ကျောင်းပေါ်မှ ဆင်းခဲ့လိုက်၏။ အမြင်နီးသော်လည်း တကယ့် လက်တွေ့တွင် တော်တော်ဝေးအောင် သွားရပါသည်။

တောင်ကုန်းလေးပေါ်ရောက်တော့ လေသည် တဖြူးဖြူး တိုက်ခတ်ကာနေသည်။ ဤအနီးတစ်ဝိုက်တွင် အမြင့်ဆုံးတောင်ကုန်းလေးလည်း ဖြစ်ပုံရသည်။

ဆရာတော်ဘုရားမှာ ပြတင်းတံခါးမှ နေ၍ ဖုန်းပြောနေသော ဒကာဖြစ်သူ၏ ပိုးတဝါးပုံစံကို ကြည့်ရင်း ခေါင်းတဆတ်ဆတ် ညိတ်နေမိသည်။

ထိုစဉ်မှာ ပဲ တိုက်ခတ်လာသော လေနှင့်အတူ ဆရာတော့် နားတွင်းသို့ ဆိုင်းသံဗုံသံအချို့မှာ ဝိုးတဝါး ဝင်ရောက်လာပါ၏။

အနည်းငယ်ထူးဆန်းသွားမိသော်လည်း သတိဝင်ကာ ပြုံးလိုက်မိသည်။

ယခုနှစ် တောင်သူတွေ အထွက်တိုးကြသည် ထင်ပါ၏။

တောင်ကျွန်းရွာလေးဆီမှ ဆိုင်းသံဗုံသံတွေပင် ကြားနေရပြီလေ။

* * *

# III

## တောင်ကျွန်းရွာ

မြဝင်းသည် မောင်းတီးနေရာမှ ... ကနေသော မင်းသမီးကိုကြည့်ပြီး နှာခေါင်းရှုံ့ လိုက်မိသည် ။ နဲ့သမားမှာ လည်း သူ့အတိုင်းပင်၊ မျက်နှာကိုမဲ့ကာ ခေါင်းယမ်းနေ၏။

တကယ်တော့ မြဝင်း ဤဆိုင်းအဖွဲ့သို့ ရောက်လာသည် မှာ မကြာသေး၊ ရက်ပိုင်းပင် ရှိသေးသည် ဖြစ်ရာ အဖွဲ့သားများ နှင့် တောင်ကျွန်းတစ်ရွာလုံးမှာ သူ့အတွက် အစိမ်းသက်သက် ဖြစ်နေသည် ။ ဒါပေမဲ့ သူသည် မစို့မပို့ မောင်းသမား တစ်ဦးတော့မဟုတ်၊ ဆိုင်းဝိုင်း အတော်များများ တွင် ပါဝင်တီးခတ်ခဲ့သည် ဖြစ်ရာ အတွေ့အကြုံရှိ ဝိုင်းသားတစ်ဦး ဖြစ်၏။

ယခုလည်း မကြာခင် တီးမှုတ်ရမည့် အလှူပွဲတစ်ခုအတွက် ဝိုင်းသားတွေ အကြို တိုက်နေကြခြင်း ဖြစ်သည် ။ သူ့အတွေ့အကြုံအရ ယခုဝိုင်းသည် တီးရမှုတ်ရတာ စီးစီးပိုးပိုးရှိသည် ။ ဝိုင်းသားတွေ လက်ညီသည် ။

အပေးအယူ မျှသည် ။ သို့သော် အဆိုအက မိန်းကလေးကို သူ သိပ်

ဘဝင်မကျ။

အကနိုင်နင်းသော်လည်း ရုပ်ရည်ရူပကာမှာ မျက်နှာပန်းသိပ်မလှချင်။ ထို့အပြင် အဆိုလည်း သိပ်မပိုင်ချင်။ ဤရုပ်ဤရည်ဖြင့် ကာလသားတို့ ကို မြူဆွယ်ဖို့ ဆိုသည် မှာ သိပ်လွယ်လှမည်မဟုတ်။

ဆိုင်းဝိုင်းတစ်ခု လူကြိုက်များ ရခြင်းအကြောင်းတွင် ရှေ့ထွက်မင်းသမီး၏ အဆိုအက၊ ရုပ်ရည်ဟန်ပန်၊ အပြုအညမှာ အများကြီးတည်မှီနေသည် လေ။ အလုံးစုံ ပြည့်စုံနေပါသော်လည်း ထိုအပိုင်းအားနည်းလျှင် အဖွဲ့သည် ထင်သလောက် အောင်မြင်မလာနိုင် ... ။ ဒါသည် သူဖြတ်သန်း လာခဲ့သော အတွေ့အကြုံအရ နားလည်မိနေခြင်း ဖြစ်သည် ။

ဝိုင်းသိမ်းပြီးနောက် သူသည် ထမင်းဝိုင်းတွင် ထိုအကြောင်းကို ဆက်ပြော ဖြစ်၏။ တကယ်တော့ လူကြိုက်များ ရခြင်းသည် ဆိုင်းအဖွဲ့၏ အောင်မြင်မှုဖြစ်သလို သူတို့ ဝိုင်းသူ ဝိုင်းသားများ ၏ ထမင်းအိုးတည်တံ့နေခြင်းလည်း ဖြစ်သည် လေ ... ။

"အဲလိုဆို ကိုယ့်ဆရာပြောတာက မင်းသမီးကို ပြောင်းချင်တဲ့ သဘောပေါ့ ... ဟုတ်လား"

"အဲလိုပဲဆိုပါတော့ဗျာ ... ကျုပ်အတွေ့အကြုံအရတော့ သူနဲ့ ကမျက်နှာပန်း သိပ်လှလိမ့်မယ် မထင်ဘူးဗျ၊ ဝိုင်းဆရာကိုတောင် ပြောရင်ကောင်းမလား စဉ်းစားနေတာ ... "

ထိုအခါ ပတ်မကြီးသမားက ထမင်းကို ပလုတ်ပလောင်း စားနေရာမှ ••

"ဆရာသမားရေ ... နီးရာဓားကို ကြောက်ဦးဗျ ... ၊ ကျုပ်တို့ က ဝိုင်းဆရာဆီမှာ ခိုကပ်စားနေရတာ၊ ဆရာပြောတဲ့ မင်းသမီးက ဝိုင်းဆရာနဲ့

ဆွေမျိုးတော်ဗျ ...၊ ဆရာသမားလည်း ဝိုင်းထဲရောက်တာ ကြာသေးတာ မဟုတ်ဘူး ၊ မနေတတ်ရင် စောစောစီးစီး ထမင်းအိုး မီးငြိမ်းသွားဦး မယ်"

"အိုဗျာ ... အားလုံးကောင်းဖို့ ပြောတာပဲ၊ ဆွေတွေမျိုးတွေ ဘယ်ကြည့်နေလို့ ဖြစ်ပါ့မလဲ ... ၊ ပြောစရာရှိတာကို ပြောသင့်တယ်ထင်ရင် ပြောရမှာ ပေါ့"

"အေးဗျာ ... တားမရတော့လည်း ခင်ဗျားသဘောပေါ့၊ ကျုပ်တို့ တော့ ပြောရဲဘူး"

ထိုစဉ်မှာ ပဲ တစ်ချိန်လုံးငြိမ်နေသော နှဲသမားမှာ စကားစလာသည် ။

"ကိုမြဝင်းကြည့်ရတာ ကျုပ်နဲ့ အတော်တူပုံရတယ်ဒ့ါ၊ ကျုပ်လည်း မင်းသမီးဆိုရင် ချောမှ လှမှ ကိုယ်လုံးကိုယ်ဖန် တင့်တယ်မှ တီးရမှုတ်ရ သဘောတွေ့တာမျိုး.... ... အခုတော့ စိတ်ထဲမှာ တစ်ခုခုလိုနေသလို ခံစားရတယ်ဗျာ၊ ဟိုဗျာ ... ဆားမပါတဲ့ ဟင်းလိုပဲ ဆိုပါတော့ ... "

နှဲသမားစကားကို ပတ်မကြီးဆရာက အရွှန်းဝင်ဖောက်သည် ။

"အဲလိုဆို ခင်ဗျားတို့ နှစ်ယောက် မြောက်ကျွန်းရွာက မိန်းမငယ်တွေကို ဒီမှာ မင်းသမီးလာလုပ်ဖို့ တောင်းဆိုကြလေဗျာ ... "

"တောင်းဆိုလို့ များ ရရင် စကားနဲ့ တင် မဟုတ်ဘူး ကုန်းပိုးပြီးတောင် ဒီကိုချီလာချင်ပါရဲ့ ဗျာ ... ၊ သူတို့ များ လက်ခံလို့ ကတော့ ဘာပဲလုပ်ပေးရလုပ်ပေးရ ... "

"အဲလိုဆို ကျုပ်တို့ လည်း ကူပိုးချင်တယ်ဗျို့၊ မြောက်ကျွန်းရွာသူ ယဉ်သမူ ... ခင်သူအမောဆုံး ဆိုသလို ကျုပ်တို့ မှာ သွားသွားပြီးတော့

သာ မောနေရတာ၊ ခေါ်ထားလို့ များ ရရင် တစ်ရွာလုံးကို ခေါ်ထားလိုက်ချင်တာ၊ ဟဲ ... ဟဲ ... အိမ်ကအမေက လက်မခံလို့ "

နောက်ထတစ်ဦးရဲ့ စကားကြောင့် အားလုံးဝိုင်းရယ်ကြသည် ။

မရယ်နိုင်သူက မြဝင်း ...။

"မြောက်ကျွန်းရွာသူ ... ဟုတ်လားဗျ"

"အလို ... ကိုယ့်ဆရာက မြောက်ကျွန်းရွာအကြောင်းကို မသိသေးဘူးလားဗျ ... "

"ဟင့်အင်း ... "

"ဩော် ... ဟုတ်ပေသားပဲ၊ ကိုယ့်ဆရာက ဒီရောက်တာမှ မကြာသေးတာ ...၊ ဒီအနီးအနားမှာ တောင်ကျွန်းရွာမှ မြောက်ကျွန်းရွာ ဆိုပြီး ကပ်လျက်နှစ်ရွာ ရှိတယ်၊ ကျုပ်တို့ အခုနေတာက တောင်ကျွန်း၊ ဒီကနေ မြောက်အရပ်တည့်တည့်ကို ဆက်သွားရင် မြောက်ကျွန်းရွာဆိုပြီး ရှိတယ်၊ အဲကရွာသူတွေက ခု သူတို့ ပြောသလိုပဲ ပစ်ရက်စရာကို မရှိအောင်လှတဲ့ မိန်းမတွေပေါ့ဗျာ ...၊ တကယ်လည်း လှတယ် ... ကိုယ့်ဆရာရေ၊ တော်တော်ကို လှတာ ... အပြော မဟုတ်ဘူး ၊ ကိုယ့်ဆရာ တစ်ခါမြင်ဖူးရင် တစ်သက်စွဲသွား လိမ့်မယ်...."

"ညွှန်းလှပါလားဗျာ ... "

ဝါးလက်ခုပ်သမားမှ ဆက်ပြောသည် ။

"တကယ်တော့ မြောက်ကျွန်းရွာက ရက်ကန်းရွာဗျ ... ၊ အဲကအမျိုးသမီးတွေ အကုန် ရက်ကန်းရက်ကြတယ်၊ ကျုပ်တို့ ရွာအပါအဝင် ဒီနားရွာနီးချုပ်စပ်မှန်သမျှ အထည်အလိပ် အတွက်ဆို သူတို့ ရွာကိုပဲ အားကိုးရတာ၊ ရက်ကန်းသမလေးတွေလှသလို သူတို့ ရက်တဲ့ အထည်လေးတွေ

ကလည်း လှဗျာ ...၊ ဝတ်ရတာကိုက မောသလို ပမ်းသလိုနဲ့ အရသာရှိနေတာမျိုး"

နောက်ထပ်တစ်ဦးက ချက်ချင်းပင် ထသွားချင်လာသောပုံစံဖြင့် ...

"ဒီတစ်ခါ အထည်သွားယူရင် ခင်ဗျားကိုခေါ်သွားမယ် ကိုမြဝင်း"

"ငါလည်း လိုက်မှာ နော် ... "

"မင်းကိုတော့ မခေါ်ဘူး ... သွားရည်လိုက်သုတ်ရတာနဲ့ မကာမိလို့ "

အပြောခံရသူက ပြောသူ၏ ဇက်ပိုးအား ဖြောင်းခနဲ မြည်အောင် ရိုက်ချလိုက်သည် ။ ထိုနှစ်ဦးအားကြည့်ပြီး တစ်ဝိုင်းလုံး ထရယ်မိတော့ ဘယ်အချိန်တည်းက နားကြားပြင်းကပ်နေသည် မသိသော ကပ်လျက်ဝိုင်းမှ မိန်းမကြီးတစ်ဦးက ...

"အမယ်လေး ... မြောက်ကျွန်းသူ မြောက်ကျွန်းသူနဲ့ အမွှမ်းတင်နေလိုက်ကြတာ၊ ပါးစပ်အရသာခံနေကြတယ် ... ဟုတ်လား၊ ဟိုက သူတို့ကို ယူပါမယ်ဆိုရင်တောင် မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းရဲလို့လား ... မေးကြည့်ပါဦး...."

မေးခွန်းသည် စိန်ခေါ်နည်း ဆန်လွန်းလှ၏။ ပြီးတော့ စိတ်ဝင်စားဖွယ် ကောင်းလွန်းနေသည် ။ အဖြေမှာ မရှိ ...။

အံ့သြဖွယ်ကောင်းလွန်းသည် ကား မေးခွန်းကို ကြားပြီးနောက်မှာ မြောက်ကျွန်းရွာအလှဘွဲ့ ကို အားတက်သရော ပြောနေကြသော ကာလသားတွေ တုတ်တုတ်မျှ မလှုပ်တော့အောင် ငြိမ်ကျသွားခြင်းဖြစ်သည် ။ ထိုအခါ အံ့သြသွားရသူက မောင်းတီးဆရာ ကိုမြဝင်း။

"ဟဲ့ ... ဖြေလိုက်ကြလေ ... နင်တို့ မြောက်ကျွန်းရွာသူတွေကို အတ

ည်တကျ ပေါင်းသင်းရဲလားဆိုတာ ... "

ဒုတိယမေးခွန်းနောက်မှာ ခေါင်းတွေပင် အောက်ငုံ့ သွားသည် ကို တွေ့လိုက်ရ၏။ ခုနနှင့် လားလားမျှ မဆိုင်တော့။ အဘယ်ကြောင့်ပါ နည်း။

အမွှမ်းတင်တုန်းကလည်း သူတို့ သာလျှင် ဖြစ်ပါသည် ။

"ဘာဖြစ်လို့ လဲဗျ ... "

"ဘယ်ယူရဲမလဲ ကိုမြဝင်းရယ် ... သူတို့ သေမှာ ကြောက်တယ် လေ"

"ဗျာ ... "

"မြောက်ကျွန်းရွာသူတွေကို ယူတဲ့ သူတိုင်းက တစ်နည်းမဟုတ် တစ် နည်းနဲ့ သေကြရတာ ... ၊ အဲဒါကြောင့် သူတို့ ရွာကို နာမည်ပေးထား တာ ရှိတယ်၊ မုဆိုးမရွာတဲ့ ... "

"မုဆိုးမရွာ ... "

"ဟုတ်တယ် ... အဲဒီရွာမှာ စုစုပေါင်း မုဆိုးမ(၉)ယောက် ရှိတယ်၊ အဲဒီ(၉)ယောက် လျော့လည်း မသွားဘူး ... တိုးလည်း မလာဘူး၊ လျော့ သွားလည်း ခဏပဲ ... တိုးလာလည်း ခဏပဲ ... "

"ဘယ်လိုကြီးလည်း ဗျ ... ကျုပ်နားမလည်ဘူး"

"ဥပမာရင် ...၊ မုဆိုးမ(၉)ယောက်ကနေ တစ်ယောက်တိုး လာပြီး ( ၁၀)ယောက် ဖြစ်သွားတယ်ဆိုပါတော့ ...၊ အဲလိုဆို ပိုနေတဲ့ တစ် ယောက်ဟာ တခြားအရပ်ကို သူ့ဟာသူ ထွက်သွားရတယ် ...၊ (၉)ယော က်ကနေ တစ် ယောက်လျော့လို့ (၈)ယောက် ဖြစ်သွားတယ်ဆိုလည်း မု

ဆိုးမ နောက်တစ်ယောက်က အလိုလိုရောက်လာတယ်၊ မဟုတ်လည်း ... လင်ရယ်မယားရယ် ဆွေမျိုးနီးစပ် တော်လို့ ပဲဖြစ်ဖြစ် ခရီးကြုံလို့ ပဲဖြစ်ဖြစ် ရောက်လာကြတယ်၊ အဲလို ဆိုရင်တော့ လင်ဖြစ်သူက ကံဆိုးတာပါပဲ ... သိပ်မကြာခင်မှာ ပဲ အကြောင်းအမျိုးမျိုးနဲ့ သူ့ခမျာ သေရှာရတယ် ... " ကြားရသော စကားများကြောင့် မြဝင်းမှာ ပါးစပ်ဟောင်းလောင်း ပွင့်ကာ အံ့သြရတော့၏။

"ထူးဆန်းလှချည်လားဗျာ ... "

"မျိုးစုံမှ မျိုးစုံပဲ ... ၊ ဘာအကြောင်းမှ မသိဘဲ ခရီးကြုံလို့ ခေတ္တခဏ တည်းခိုရင်း သေရတဲ့ သူတွေ ရှိသလို ... တမင်တကာကိုမယုံလို့ လာစမ်းသပ်ရင်း လင်သေပြီး မုဆိုးမဖြစ် ... အဲဒီရွာသူဖြစ်သွားတဲ့ မိန်းမတွေလည်း ရှိတယ်၊ တချို့ကျတော့လည်း သိသိလျက်နဲ့ ထိန်းမရလေတော့ လင်ရယ် မယားရယ် တရားဝင် ပေါင်းသင်းလိုက်ကြတယ်၊ မကြာပါဘူး ... တစ်နည်း မဟုတ်တစ်နည်းနဲ့ လင်က သေပြန်ပါရော၊ နောက်ဆုံးတော့ ရွာမှာ မုဆိုးမချည်း ကျန်တော့တာပါပဲ"

မြဝင်းမှာ ယုံတစ်ဝက် မယုံတစ်ဝက်နှင့်ပင် ရှိရတော့သည် ။ ပင်ကိုအသိဉာဏ်နှင့် ဆုံးဖြတ်နိုင် လောက်သော အနေအထားထက် ကြားရသောစကားများက ကျော်လွန်နေသည် လေ ... ။

"အပျိုတွေယူလို့ သေတာလားဆိုပြီး မုဆိုးမကိုပဲ ထပ်ယူကြည့်ကြသေးတယ်၊ သူတို့ လည်း မထူးပါဘူး ... ရှေ့လူတွေလမ်းစဉ် လိုက်ရတာပါပဲ"

"ဘာလို့ ... အဲလိုတွေ ဖြစ်ရတာလဲဗျာ"

"သူတို့ ရွာတည်ထားတဲ့ မြေကုန်းက ခိုက်တယ်ဆိုလားပဲ၊ ဒါပေမဲ့ အဲဒါလည်း အလုံးစုံတော့ မမှန်ပါဘူး ... . ဘာဖြစ်လို့ လဲဆိုတော့ တို့ ရွာ

က ဖိုးပိန်က သက်သေပဲလေ ...၊ သူတို့ မြေကုန်းမှာ ပေါင်းသင်းနေထိုင်လို့ ခိုက် တယ်ထင်ပြီး မြောက်ကျွန်းရွာသူကို တို့ ရွာခေါ်လာတယ် ... ဒါပေမဲ့ ဒီမှာ လည်း ဘာကြာလို့ တုန်း တစ်ပတ်မပြည့်ခင် ဖိုးပိန် ပိုးထိပြီးသေပါရောလား"

"ဟာ ...

"ကျန်ခဲ့တဲ့ ရွာသူကတော့ ထုံးစံအတိုင်း မုဆိုးမအဖြစ်နဲ့ သူ့ရွာသူပြန်သွားရတာပေါ့ "

ခက်တော့ခက်နေပြီ ... ။ ဘယ်လိုရွာပါလိမ့် ... ။

"ဘာကြောင့်လဲဗျာ ... ဘာလို့ သူတို့ ကိုယူတဲ့ ယောကျ်ားတိုင်းကသေနေရတာလဲ"

မျက်နှာပျက်ကာ ငြိမ်နေသည့် အုပ်စုတွင်းမှ နဲ့ဆရာက ဝင်ပြောသည် ။

"ရှေးလူကြီးတွေ ပြောဖူးတာရှိတယ် ... ကျိန်စာမိနေတာဆိုလားပဲ"

"ကျိန်စာမိနေတာ ... "

"ဟုတ်တယ် အဲဒီမြေကုန်းက ကျိန်စာမိနေပြီး ... အဲဒီကိုရောက်လာတဲ့ ဘယ်မိန်းကလေး မဆို မုဆိုးမ အဖြစ်နဲ့ အဲဒီမြေကုန်းကို ပြန်စောင့်ရှောက် နေရတာတဲ့ ... "

"ဒါဆို (၉)ယောက်ချည်းပဲ ဖြစ်နေတာကရော"

"အဲဒါတော့ ကျုပ်တို့ မသိတဲ့ တခြား အကြောင်းတစ်ခု ရှိလို့ နေမှာပေါ့ "

"ဟုတ်တယ် ... ကျွန်မတို့ ငယ်ငယ်ကဆို လူကြီးတွေက အဲဒီရွာဘ

က်ကို ပေးမသွားဘူး၊ ကျွန်မတို့ မှ မဟုတ်ပါဘူး ... ဘယ်မိန်းကလေး ကိုမှ ပေးမသွားတာ၊ သူတို့ ရဲ့ ကျိန်စာက ခုချိန်ထိ အသက်ဝင်နေတုန်း လေ"

နောက်ထပ်တစ်ဦးက အရွှန်းဝင်ဖောက်ပြန်ပါ၏။

"အဲဒါကြောင့် အထည်ယူဘာယူဆို ကျုပ်တို့ ယောက်ျားလေးတွေ သွားရတာ၊ ဒါလည်း တစ်ခုကောင်းတာပါပဲဗျာ ... ယောက်ျားချည်းပဲဆို တော့ လွတ်လွတ်လပ်လပ် ငမ်းလို့ ကောင်းတာပေါ့ ... ဟဲ ... ဟဲ ... "

"ဒါပေမဲ့ ဒီကာလအတွင်း မြောက်ကျွန်းရွာမှာ ထူးခြားနေတာ တစ်ခု တော့ ရှိတယ်ဗျ၊ ခင်ဗျားတို့ သတိထားမိလား ... "

ငြိမ်ကာနားထောင်ပြီး ယခုမှ စတင်လာသည့် တစ်ဖက်ဝိုင်းမှ လူ တစ်ဦး၏ စကား ...

"ဘာများ လဲဗျ ... "

"ဟိုဗျာ ... ၊ သူတို့ ရွာက အနီစပ်စပ်နဲ့ ... ဟို ... မဂိုရုပ်လေးနဲ့ မိန်း ကလေးဗျာ ... နာမည်ဘယ်သူ ... "

"အိမ္မွန် ... "

အမည်ဖြေသံက ပြိုင်တူလိုထွက်လာသည် ။ ကြည့်ရတာ ရွာရှိ ကာ လသားများမှာ မြောက်ကျွန်း တစ်ရွာလုံးကို အလွတ် ရထားကြသည် ထ င်၏။

"အေး ... အိမ္မွန်ယူထားတဲ့ ယောက်ျားက ကျောကုန်းရွာက ဖိုးအေး မလား"

"ဟုတ်တယ်လေ ... ပျားဖွပ်သမား ဖိုးအေး"

"သူတို့ ဆို ယူထားတာ တစ်လကျော်နေပြီ၊ မြောက်ကျွန်းရွာကုန်းမှ နေကြတာပဲ ... ဘာများ ဖြစ်လို့ တုံး၊ ဟိုနေ့ကတင် တောစပ်မှာ ဖိုးအေးနဲ့ ဆုံသေးတယ်၊ ကိုင်းထောင်းထားတာ သွားကြည့်ဖို့ ဆိုလား ပြောသွားတယ်၊ အဲတော့ ကျုပ်တွေးမိတာက ကျိန်စာမိတာ ဆိုရင်လည်း ကျိန်စာက လူတိုင်းအပေါ် မသက်ရောက်နိုင်တာလား၊ ဒါမှ မဟုတ် အချိန်တွေကြာလာလို့ ပဲ ကျိန်စာက တဖြည်းဖြည်း ပြယ်လာတာလား ... မပြောတတ်ဘူး"

ထိုစဉ်မှာ ပဲ ခြံတွင်းသို့ လူတစ်ဦးမှာ ခေါင်းငိုက်စိုက်ဖြင့် ဝင်လာသည် ။

"ဖိုးဇော် ... ဘာဖြစ်လာတာလဲ"

"မြောက်ကျွန်းရွာက ပြန်လာတာ"

"အထည်မရခဲ့ဘူးလား ... "

"မရခဲ့ဘူး ...၊ မြောက်ကျွန်းရွာမှာ အသုဘဖြစ်နေတယ်"

"ဟေ.... "

"ဒီမနက်ပဲ ဖိုအေး ဝံပက်ခံရလို့ ဆုံးပြီတဲ့ ... "

"ဟာ ...

"ဘုရားရေ ... "

* * *

# IV

နေလုံးသည် အနောက်ဘက်အရပ်သို့ ငိုက်ဆင်းစ ပြုနေပြီ ဖြစ်၏။ မျှော်လင့်တကြီးဖြင့် လျှောက်လာခဲ့သော ခြေလှမ်းများမှာ မြစ်ဆိပ်ကို ရောက်ရောက်ချင်း အားမရှိတော့သလို တုံ့ဆိုင်းကာ သွားရသည် ။ သူမ ကိုကျောခိုင်းထွက်နေသည့် သမ္ဗန်ငယ်လေးမှာ မြစ်လယ်သို့ပင် ရောက် လာနီးနီး ဖြစ်နေပြီလေ။

လက်တွင်းမှ ခရီးဆောင်အိတ်ကိုချရင်း လရိပ် သံကုန်ဟစ်ကာခေါ် လိုက်၏။ သို့သော် သမ္ဗန်ခတ်နေသူသည် ၎င်း၊ လိုက်ပါသွားသော ခရီး သည် အချို့ သည် ၎င်း သူမအော်သံကို ကြားမလာခဲ့။ အကြိမ်ကြိမ် အော် ခေါ်ပါသော်လည်း သူမအသံသည် တလူလူ တိုက်ခတ်နေသော လေဟာ နယ်တို့ ကို ဖြတ်ပြီး သမ္ဗန်လေးရှိရာသို့ ရောက်ရှိအောင် မစွမ်းနိုင်တော့ သည် ထင်၏။ နောက်ဆုံးတော့ မြစ်ကမ်း၌ ကျန်ခဲ့သူသည် သူမတစ်ဦး တည်းသာ ဖြစ်တော့သည် ။

မျှော်လင့်ချက်မဲ့သွားသော အသိနှင့်အတူ လရိပ်စိတ်တွင်းသို့ အနီး ဆုံးဝင်လာသည် ကား အားငယ်မှု၊ ဝမ်းနည်းမှု၊ ပြီးတော့ ဝေခွဲရခက်မှု၊ သူမ ဘာဆက်လုပ်ရမည်နည်း။ မြစ်ကမ်းတွင် သမ္ဗန်တစ်စီးမှ မကျန် တော့။ ယခုထွက်ခွာသွားသည့် သမ္ဗန်ငယ်မှာ လည်း ဟိုဘက်ကမ်း ရော က်ပြီးနောက် ဒီဘက်သို့ ပြန်လာရန်မှာ လည်း အချိန်အခါအရ ဘယ်လို မှ မဖြစ်နိုင်တော့။ နေလုံးသည် နောက်ထပ် နာရီအချို့ပြည့်ရန် ဘယ်လို

မှ တောင့်ခံနိုင်တော့မည်မဟုတ်။ ဒီလိုဆိုလျှင် လာလမ်းအတိုင်း သူမ နောက်ပြန် လှည့်ရမည်လား၊ ဒါလည်းမဖြစ်နိုင်သေး၊ လျှောက်လှမ်း လာခဲ့ရသည့် ကြာချိန်အရ မြစ်ဆိပ်မှ ကားလမ်းမကြီးဆီသို့ ပြန်ထွက်ခွာလျှင် ခရီးမဆုံးခင် နေဝင်သွားပါလိမ့်မည်။ မှောင်နှင့်မည်းမည်း အဖော်မပါ တစ်ကိုယ်တည်း ကားလမ်းမကြီးပေါ်တွင် သူမ မည်ကဲ့သို့ နေထိုင်ရပါမည်နည်း။ ကားကြုံရှိလျှင် ကောင်းရဲ့ ၊ ကားကြုံမရှိခဲ့လျှင် လမ်းမဘေး၌ တစ်ညတာ ကုန်ဆုံးရတော့မည်။

ထိုနည်းလမ်းသည် သူမလိုမိန်းမသား တစ်ဦးအတွက် အဆင်မပြေ။

သို့ဆိုလျှင် မြစ်ဆိပ်မှာ ညအိပ်ပြီး နောက်တစ်နေ့ သမ္ဗန်အလာကို စောင့်ရမည်လား။ ဒါက ပိုလို့ ပင် ဆိုးသွားနိုင်သည် ။ လူသူမနီး တောကြီးမျက်မည်း၏ အစိမ်းသက်သက် မြစ်ကမ်းနံဘေးမှာ သူမ မည်ကဲ့သို့ ညအိပ်ရပါ မည်နည်း။

ဝေခွဲရ ခက်နေစဉ်မှာ ပဲ ... မျက်လုံးထောင့်စွန်းဆီမှ တရွေ့ရွေ့ တိုးလာနေသည့် အရိပ်လေး တစ်ရိပ်ကို မြင်လိုက်ရ၏။ လှည့်ကြည့်တော့ .. . ထင်းစည်းရွက်ထားသော အဘွားအိုတစ်ဦး ... ။

ဘုရားမသည် လား မပြောတတ် ... ရပ်နေရာမှ ခပ်သွက်သွက်ပင် အဘွားအိုအနီးသို့ သူမပြေးသွားလိုက်သည် ။

"အဘွား....."

သူမခေါ်သံကြောင့် နွမ်းနယ်နေသော အပြုံးတစ်ခုမှာ အိတွဲနေသည့် ပါးရေတို့ ကြားမှ ဖြစ်တည်လာသည် ။

"အဘွား ... ဘယ်ကိုပြန်မှာ လဲဟင်"

"အဘွားလား ... ရွာကိုပြန်မှာ လေ၊ ဘာဖြစ်လို့ လဲ သမီး"

"သမီးက ခရီးသွားပါ ... ဟိုဘက်ကမ်းက ရေချမ်းစင်ရွာကိုပြန်မှာ ၊ အဲဒါ သမ္မန်မမီတော့လို့ ဒီအနီးအနား ရွာတစ်ရွာရွာမှာ တစ်ညလောက် တည်းခိုလို့ ရနိုင်မလားလို့ ... "

အဘွားအိုက ခေါင်းတွင် ရွက်ထားသည့် ထင်းစည်းကြီးကို ချ ဟန်ပြင်သည် ။ လရိပ် ကူကာချပေးတော့ အဘွားအိုက ခေါင်းမှီးစနှင့် မျက်နှာမှ ချွေးများကိုသုတ်ရင်း ...

"အဘွားက တောင်ကျွန်းရွာမှာ နေတာ၊ ဒီကနေဆို နည်းနည်းတော့ လှမ်းတယ်၊ အဘွားနဲ့ လိုက်အိပ်လည်း ရပါတယ်လေ ... ဒါပေမဲ့ မနက်ဖြန် သမီးဒီပြန်လာရင် တော်တော် လျှောက်ရလိမ့်မယ်၊ ဒါဖြင့် ဒီလိုလုပ်ပါလား ... ဟိုနားလေးမှာ မြောက်ကျွန်းရွာဆိုတာ ရှိတယ်၊ အဲမှ အကူအညီတောင်းပြီး သမီးတစ်ညလောက် အိပ်လိုက်ပါလား၊ မနက်ဖြန် မြစ်ဆိပ်ဆင်းလည်း နီးတာပေါ့"

"မြောက်ကျွန်းရွာ"

အဘွားအိုက မြောက်ဘက် ခပ်လှမ်းလှမ်းတောအုပ်ကို ညွှန်ပြရင်း ...

"ဟိုတောအုပ်လေးကို တွေ့ လားသမီး ... "

"ဟုတ်ကဲ့ ... "

"မြောက်ကျွန်းရွာက အဲဒီထဲမှာ ပဲ"

ညွှန်ပြရာအရပ်သို့ လရိပ် အတန်ကြာအောင် ငေးသွားမိသည် ။

မြစ်ဆိပ်နှင့်တော့ အရမ်းကြီးမဝေး ... ။

"သမီးကို သူတို့ လက်ခံပါ့မလားဟင် ... "

"အဲဒါတော့ မပူပါနဲ့ ... ၊ မြောက်ကျွန်းရွာသူတွေက ဖော်ရွေတယ်၊

သဘောကောင်းတယ်၊ အဘွားနဲ့ လိုက်အိပ်တာထက် အဲ့မှာ အိပ်လိုက်တာက သမီးအတွက် ပိုအဆင်ပြေပါလိမ့်မယ်"

"ဟုတ်ကဲ့ ... "

"ဒါနဲ့ သမီးဆီမှာ ရေလေး တစ်မှုတ်လောက်များ မပါဘူးလားကွယ်"

"ဟုတ် ... ပါပါတယ် အဘွား"

လရိပ် ကမန်းကတန်းပင် ခရီးဆောင်အိတ်တွင်းမှ ရေဘူးလေးကို ထုတ်ကာ အဘွားကို ကမ်းပေးလိုက်သည် ။ ရေအတော်ဆာနေပုံရပါ၏ ၊

သူမ ကမ်းပေးသော ရေဘူးလေးကို အဖုံးဖွင့်ရင်း အမောတကော သောက်သုံးနေသည့် အဘွားအိုပုံစံက လောကခံ၏ မင်းမူမှုများကို အကြီးအကျယ် ခံထားရသလိုမျိုး ... ။

ထို့နောက်တော့ အဘွားအိုက ရေဘူးလေးနှင့်အတူ သူမ၏ ရင်ဖုံးအင်္ကျီအတွင်းပိုင်းမှ စာအုပ်လေး တစ်အုပ်ကိုထုတ်ရင်း ကမ်းပေးလာသည် ။

"ရေအကျိုးအတွက် ကျေးဇူးတုံ့ပြန်တာပါကွယ် ... "

"ရှင် ... "

"ပုံပြင်စာအုပ်လေးပါ၊ သမီးရွာပြန်ရောက်ရင်ပဲ ဖြစ်ဖြစ် အားတဲ့အချိန် အပျင်းပြေ ဖတ်ရတာပေါ့"

"အာ ... မဟုတ်တာ အဘွားရယ်၊ မပေးပါနဲ့ ရပါတယ် ... "

လရိပ် ချက်ချင်းပင် ပုံပြင်စာအုပ်လေးအား အဘွားအိုလက်တွင်းသို့ အတင်း ပြန်ထည့်ပေးသည် ။ သို့သော် အဘွားအိုက မယူ။

"ယူလိုက်ပါကွယ် ...  ယူပါ၊ အဘွားက ကျေးဇူးကြွေးရှိရင် မနေ တတ်လို့ပါ ... "

ထို့နောက် အဘွားအိုမှာ ထင်းစည်းကို မနိုင့်တနိုင် သယ်ပိုးရင်း မြစ်ကမ်းအတိုင်း လျှောက်လှမ်းသွားတော့သည်။

လရိပ်မှာ တော့ အဘွားအို၏ ကျောပြင်ကို ငေးရင်း လက်တွင်းမှာ ကျန်ခဲ့သည့် ပုံပြင်စာအုပ်လေး တစ်အုပ်နှင့်အတူ ...

* * *